ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ SSE/ NM / ၀၉ /၂၀၂၃

ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ မေလ ၁၀ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက် ။ (၁) မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ (၁၀.၅.၂၀၂၃)ရက်စွဲပါ စာအမှတ်၊ မဇ-၁(၀၁)/၁-၄၃(၂၀၂၃)/၁၈၉၄

(၂) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ (၉.၅.၂၀၂၃)ရက်စွဲပါ စာအမှတ်၊SSE/NM/၀၈/၂၀၂၃

(၃) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ (၈.၅.၂၀၂၃)ရက်စွဲပါ စာအမှတ်၊SSE/NM/၀၇/၂၀၂၃

(၄) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ (၅.၅.၂၀၂၃)ရက်စွဲပါ စာအမှတ်၊SSE/NM/၀၆/၂၀၂၃

၁။ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်ပြီး မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိကာ ဆိုက်ကလုန်းမုန်တိုင်းအဖြစ် အားကောင်းလာနိုင်ကြောင်းကို ရည်ညွှန်းချက် (၂) ၊ (၃) နှင့် (၄) ပါစာများဖြင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ရေကြောင်းသတိပေးချက်များ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၂။ နောက်ဆက်တွဲခန့်မှန်းချက်အနေဖြင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ (၁၀.၅.၂၀၂၃) ရက်နေ့ (၁၂:၃၀)နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင်ဖြစ်ပေါ်နေသည့် အားကောင်းသောမုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင်(၄၀၀)မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်တောင်ဘက် ရေမိုင် (၅၂၅) မိုင်ခန့်၊ စစ်တွေမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် (၇၀၅) မိုင်ခန့်၊ အိန္ဒိယနိုင်ငံ နီကိုးဘားကျွန်း၏ အနောက်-အနောက်မြောက်ဘက် ရေမိုင် (၃၂၅) မိုင်ခန့်၊ ပို့ပလဲယား၏ အနောက်တောင်ဘက် ရေမိုင် (၂၈၅) မိုင်ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် (၇၆၀) မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေပြီး လက်ရှိအခြေအနေမှာ ဘင်္ဂလားဒေ့ရှ်-မြန်မာ

ကမ်းရိုးတန်းသို့ ဦးတည်ရွေ့လျားနိုင်သည့် အခြေအနေရှိသဖြင့် လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်ထားပါသည်။

၃။ အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် (၁၀.၅.၂၀၂၃) ရက်နေ့ မြန်မာစံတော်ချိန် (၁၂:၃၀) နာရီ အချိန်တွင် မြောက်လတ္တီကျူ (၉.၁) ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ (၈၈.၇) ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား (၁၀၀၀) ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီ မိုင် (၃၅) နှုန်းခန့် ဖြစ်ပါသည်။ အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြောက်–အနောက်မြောက်ဘက်သို့ရွေ့လျားပြီး ယနေ့ညပိုင်းတွင် ဆိုက်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း၊ (၁၁.၅.၂၀၂၃) ရက်နေ့ နံနက်ပိုင်းတွင် အားကောင်းသော ဆိုက်ကလုန်းမုန်တိုင်းအဖြစ်သို့ လည်းကောင်း၊ (၁၂.၅.၂၀၂၃) ရက်နေ့ နံနက်ပိုင်းတွင် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ အားအလွန်ကောင်းသော ဆိုက်ကလုန်းမုန်တိုင်းအဖြစ်သို့လည်းကောင်း ရောက်ရှိနိုင်ပါသည်။ ထို့နောက် (၁၃.၅.၂၀၂၃) ရက်နေ့တွင် မြောက်–အရှေ့မြောက်ဘက်သို့ တဖြည်းဖြည်း ကွေ့ကာ အားအနည်းငယ်လျော့သွားနိုင်ပြီး (၁၄.၅.၂၀၂၃) ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းနှင့် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်း မြောက်ပိုင်းကမ်းခြေကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့ကြားမှ ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရပါသည်။

၄။ သို့ဖြစ်ပါ၍ အားကောင်းသောမုန်တိုင်းငယ်အရှိန်ကြောင့် ယနေ့မွန်းလွဲမှ (၁၁.၅.၂၀၂၃) ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီမိုင် (၃၅) မှ (၄၀) ခန့်အထိ တိုက်ခတ်နိုင်ပြီး (၁၂.၅.၂၀၂၃) ရက်နေ့မှ (၁၄.၅.၂၀၂၃) ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအလွန်ကြီးနိုင်ကြောင်း၊ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီမိုင် (၇၀) မှ (၈၀) ခန့်အထိ တိုက်ခတ်နိုင်ကြောင်း၊ မုတ္တမကွေ့၊ မွန်–တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်ကြောင်းနှင့် မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီ မိုင်(၄၀)မှ (၄၅) ခန့်ထိ တိုက်ခတ်နိုင်ကြောင်း ခန့်မှန်းထားပါသည်။

၅။ အဆိုပါခန့်မှန်းချက်အရ ဆိုက်ကလုန်းမုန်တိုင်း၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် လှိုင်းကြီးခြင်းများ ဖြစ်ပေါ်လာနိုင်သဖြင့် (၁၁.၅.၂၀၂၃) ရက်နေ့မှ (၁၅.၅.၂၀၂၃) ရက်နေ့အတွင်း ကမ်းရိုးတန်းသွားရေယာဉ်များ၊ ငါးဖမ်းရေယာဉ်များ၊ ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ရေယာဉ်ကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ အပျော်စီးခရီးသွားလှေများ၊ ပြည်တွင်း ရေကြောင်းသွားရေယာဉ်များနှင့် စက်တပ်သမ္ဗာန်များ ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners)အား ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)